ကျောက်စက်ကျေးရွာ

ပင်းတယမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်စက်ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ

မာတိကာ
အတိုကောက်စကားလုံးများ
စကားချီး
ကျောက်စက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်

နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြ ြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျောက်စက်ကျေးရွာ
ပင်းတယမြို့နယ်

## ကျောက်စက်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးေ ေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာန ဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်း ချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းေ ောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များ အတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများ ကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများက ိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူ တည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျောက်စက်ကျေးရွာသည် အောင်ပန်း-ပင်းတယ-ရှာင်ကားလမ်း၏ အနောက်ဖက်(၃.၅)မိုင်ခန့်အကွာတွင် တည်ရှိ ပါသည်။အုပ်ချုပ်ရေး ရုံးစိုက်ရာ ပင်းတယမြို့နှင့် ဆက်သွယ်ရခက်ခဲပါသည်။ကျေးရွာသည် တောင်ပေါ် ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး အာလူး၊ စပါး၊ နှမ်း စသည့်သီးနှံများစိုက်ပျိုးကြသည်။ကျေးရွာသည် တောင်ပေါ်ဒေသ ဖြစ်သောကြောင့် ဆားငန်ရေဝင်ရောက်မှု မရှိပါ။ လယ်ယာမြေများမှာ စပါး၊ အာလူး ၊ နှမ်းစသည်တို့ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ကျေးရွာတွင် သယံဇာတ မထွက် ရှိပါ။တောင်သူများမှာ ဆည်ရေမရရှိပါ။မြေအောက်ရေ အသုံးပြုမှု အလွန်နည်းပါးပြီး မိုးရေကိုသာ အဓိကထား စိုက်ပျိုးနေရပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၈၁)စုနှင့် ကျား (၂၂၆)၊ မ(၂၁၀) ဦးဖြင့် လူဦးရေပေါင်း (၄၃၆)ဦးရှိကာ တစ်အိမ်ထောင် လျှင် ပျမ်းမျှဦးရေ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဓနုလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၀.၅%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် ၇% မျှပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်၍ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်း သည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ စိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိသည်ဟု ဆိုနိုင်ပါသည်။တောင်ယာလုပ်ငန်းလုပ်ကိုင်သည့် ချမ်းသာသောအိမ်ထောင်စုများအပြင် အခြား အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဈေးရောင်း စသော လုပ်ငန်းများ လုပ်ကိုင်ကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး ခြံမြေအနည်းငယ်ပိုင်သော အိမ်ထောင်စုများ ၊ လက်လုပ်လက်စား ကျပန်းများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုနှင့် မြေယာနည်းသော အိမ်ထောင်စုများ ရှိသော်လည်း ရာသီအလိုက် ခြံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါင်းရွက်ဖျပ်ထိုးလုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေ ရရှိနိုင်ကြသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ ၁၀၀၀၀ မှ ဆယ်သိန်းထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၅.၅% ခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စု များမှာ ဆင်းရဲပြီး မိသားစုဦးရေများပြားကြသည်။အလားတူ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၇ စုသည် ဆင်းရဲ၍ ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ အပျိုကြီး၊ လူပျိုကြီး တစ်ဦးတည်းနေသော အိမ်ထောင်စုနှင့် မိသားစုစောင့်ရှောက်မှု နည်းသော သက်ကြီးရွယ်အို တို့ဖြစ်ကြသည်။ကူးစက်ရောဂါ ကူးစက်နိုင်မှု နည်းပါးပြီး မူးယစ်ဆေးဝါး သုံးစွဲမှုအန္တရာယ်မရှိ၊ အရက်သောက်သုံးမှု အနည်းငယ်ရှိကြသည်။

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု အားနည်းသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ရာသီဥတု အကူးအပြောင်းကြောင့် နှာစေး၊ချောင်းဆိုး လောက်သာဖြစ်ကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ၃.၅ မိုင်ခန့် ကွာဝေးပြီး ကားလမ်းဖြင့် သွားလာနိုင်သော မြင်းမူးကျေးရွာကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသကြပါသည်။

ကျေးရွာတွင် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။နှာစေး၊ချောင်းဆိုးနှင့် သွေးလွန်တုပ်ကွေး အနည်းငယ်သာတွေ့ရပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်ကို သုံးကြသည်။မိုးအခါလုံလောက်ပြီး တန်ခူးလဆိုလျှင် ရေရှားသည်။ရေထွက် ရေလှောင်ကန်သေးနေ၍ စောင့်ခပ်ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အသင့်အတင့် ရှိပါသည်။ ရွာသားအများစုသည် အရေး၊ အဖတ်များ ကိုကောင်းစွာ တတ်မြောက်ကြသည်။ရွာသားအများစုသည် အခြေခံအရေးအဖတ်ကို သာတတ်ကြပြီး ဘွဲ့ရအရေအတွက် အနည်းငယ်သာရှိသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်ရှိသော မူလတန်း ကျောင်းတွင် သင်ယူဆည်းပူး နိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကျောင်းများအတွက် အလုပ်အကိုင်အခွင့်အလမ်း စာပေဗဟုသုတ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား/မ ရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား/မရေးရာကိစ္စဆိုင်ရာများမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မရှိပါ။ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများမှာ သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမို ရရှိကြသည်။အမျိုးသားနှင့်အမျိုးသမီး အလုပ်ချင်းတူသော်လည်း အမျိုးသားများက ပိုမိုရကြ သည်။ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်အားနည်းသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့များအား သီးသန့်ဖွဲ့စည်းထားခြင်းမရှိပါ။ကျေးရွာအတွင်း သာရေးနာရေးကိစ္စများ ပေါ်ပေါက်ပါက လူငယ်များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးနှင့် ဂျင်း၊အာလူး၊ နှမ်း တို့ကို အဓိက စိုက်ပျိုးကြသည်။သို့သော် စိုက်ပျိုးရေးနည်းစနစ်များ ရှေးရိုးစဉ်လာစိုက်ပျိုးနည်းကိုသာ ကျင့်သုံးစိုက်ပျိုးကြပြီး ခေတ်မနည်းစနစ်များ ရရှိအောင် သက်ဆိုင်ရာဦးစီးဌာန၊ နည်းပညာဝန်ဆောင်မှုများ စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများနှင့် ချိတ်ဆက်မှု အလွန်အားနည်းကြသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှသာ အလုပ်သမားများကို ငှားရမ်း ရရှိနိုင်သောကြောင့် ကုန်ကျစရိတ်ပိုမို မြင့်မားရသည်။အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှု တို့ကိုကျော်လွှားနိုင်ရာ စပါးစိုက်ရာတွင် ကြဲပက်စနစ်ကိုသာ သုံးကြသည်။ ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးကြသည်။တောင်သူများ တခါတရံ မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရ တတ်သည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း အနည်းငယ်လုပ်ကိုင်သော အိမ်ထောင်စုများ ရှိပါသည်။လုပ်ငန်းတွင် အသုံးပြုရန် ခိုင်းနွားများကိုလည်းမွေးကြသည်။ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုမရှိပါ။တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေအထောက်အကူဖြစ်စေသော ဝက်မွေးမြူမှု ၂၀%ခန့်ရှိသည်။ဒေသဝက်မျိုးများကို မွေးမြူကြသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း**

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။အခြားဝင်ငွေရလုပ်ငန်းမှာ နေ့စားခလိုက်ခြင်း၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊အစိုးရဝန်ထမ်းနှင့် ကျပန်းလုပ်ခြင်း တို့ဖြစ်ပါသည်။နေ့စားခလိုက်ရာတွင် မိုးရာသီနှင့် ဆောင်းရာသီ တို့တွင် အလုပ်အသင့်အတင့်ရှိပါသည်။နွေရာသီပိုင်းတွင် နေ့စားခလိုက်သူများမှာ အလုပ်အကိုင် နည်းပါးမှုကြောင့် ဝင်ငွေများ အဆင်မပြေခြင်း များစွာတွေ့ရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေးများပြားပြီး ထိုအခြေအနေမှာကျေးရွာ၏ အလားအလာကောင်းတစ်ရပ် ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်းသင်တန်းတစ်ချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ စာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများ နှင့် အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသောသင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြား ကြသည်။

### (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေဆီလွှာ အားနည်းခြင်းကြောင့် စိုက်ပျိုးသူများ လုပ်ကိုင်စိုက်ပျိုးရာတွင် အကျိုးမဖြစ်ထွန်းခြင်း တွေ့ရှိရပါသည်။စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာ၌ ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး နှင့် ဓါတုမြေသြဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတ်တုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်း များ ဆောင်ရွက်ပေးသင့်သည်။

တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် ကြီးမားသော အသက်အန္တရာယ်ထိခိုက်နိုင်သော မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။အခါအားလျော်စွာ ကြရောက်တတ် သော မိုးခေါင်ခြင်းအနည်းငယ်သာရှိပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် ပက်မြန်မာအဖွဲ့အစည်းမှ ထုတ်ချေးသော ချေးငွေကို ချေးယူကြသည်။ အချို့အိမ်ထောင်စုများမှာ စိတ်တူကိုယ်တူအစုအဖွဲ့၊ ရွာတွင်း၊ ရွာပြင် နီးစပ်ရာဆွေမျိုး၊ မိတ်ဆွေ၊ငွေတိုး ချေးစားသူများထံမှ တစ်လအတိုးနှုန်း ၅ကျပ်တို့နှင့်၁၀ကျပ်တိုး စသည်ဖြင့် ချေးယူထားကြောင့် တွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ သည် အကြွေးငွေ ၅သိန်းမှ ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရသည်။

### (စ) ပညာရေး/ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို အလျား ၄၅ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ပေ အရွယ်ရှိ သွပ်မိုး အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်တွင် ပညာသင်ကြားကြသည်။မူလတန်းအောင် ရာခိုင်နှုန်း

အလယ်အလတ်ရှိပြီး အလယ်တန်းနှင့် အထက်တန်းအောင်ရာခိုင်နှုန်း နည်းပါးသည်။ကျောင်းတွင်ပရိဘောဂ အသင့်အတင့် လုံလောက်မှုရှိ ပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိပါ။အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို (၃)မိုင်ခန့် ကွာဝေးသည့် မြင်းမူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသ ကြပါသည်။သောက်သုံးရေအတွက် စိမ့်စမ်းရေထွက်မှသွယ်ယူ၍ အသုံးပြုသော်လည်း မိုးနှင့်ဆောင်းရာသီ တွင်သာ ရေရရှိပြီး နွေရာသီတွင် ရေရှားပါးခြင်းနှင့် ကြုံတွေ့နေရပါသည်။တန်ခူးလတွင် ရေထွက်၌ရေလှောင်ကန် သေးနေသော ကြောင့် ရေထွက်မှာစောင့်ခပ်ရသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ သုံးစွဲသောကြောင့် ဝမ်းပျက်ဝမ်းလျှော ရောဂါ ဖြစ်ပွားမှု နည်းကြောင်းတွေ့ရသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူ များအတွက် အသုံးပြုရန်လွယ်ကူသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာလူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။လူငယ်များသည် လူမှုရေးလုပ်ငန်းတွင် တက်ကြွစွာပါဝင်ပြီး ဘာသာရေးပွဲတော်တွင်လည်း ပါဝင်မှုရှိပါ သည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးပါ။

**(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာခက်ခဲပါသည်။သီးနှံများသယ်ယူ ရာတွင်လည်း ခက်ခဲသည်။လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၇၃)စီးနှင့် စက်ဘီး(၁)စီး၊ ထော်လာဂျီ (၅)စီး နှင့် နွားလှည်း(၄၉)စီး တို့ကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။အိမ်ထောင်စုတိုင်းနီးပါး ဆိုလာမီးကိုသာ အသုံးပြုနေကြပြီး ဖြစ်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုမှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ကျေးရွာတွင် စာကြည့်တိုက် မရှိပါ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုခြင်းနည်းပါးသည်။တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အသင့် အတင့် ကောင်းမွန်ကြောင်းတွေ့ရှိရသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိပါသည်။မိသားစုတစ်စုနှင့် တစ်စု အပြန်အလှန် လေးစားမှု၊ကူညီစောင့်ရှောက်မှု ရှိကြသည်။သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ကိုအသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်

သီးသန့်ရေး ဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့လွယ်ကူစွာ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကိုမဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ် မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း စသော လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုနေပါသည်။အလုပ်လုပ်နိုင်သည့် လူငယ်များပြားပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိသဖြင့် ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်း ကျောင်းသင်တန်းများကို လူငယ်များအား သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်လာနိုင်ပါမည်။

သဘာဝအရင်းအမြစ်များတွင် မြေဆီမြေသြဇာအသင့်အတင့်ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာ ထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်ပေးနိုင်သည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသမှု အတွက် အား ပွေးလှတိုက်နယ်ဆေးရုံနှင့် ပင်းတယမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် အခြားသီးနှံများ ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာသည်

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့် မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ တောင်ယာမြေမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အဟန့်အတားနှင့် စိန်ခေါ်မှုတရပ်အဖြစ် အဆိုးရွားဆုံးပြဿနာတခုအနေဖြင့် သီးနှံများလှောင်ကြရောက်မှုရှိသည်။ကျေးရွာ၏ မိုးဦးကာလ အဓိက အားထားကြသော အာလူးလုပ်ငန်းသည် တောင်သူများအတွက် မိုးလယ်မိုးနှောင်း အရင်းအနှီးရရှိရန် မိုးဦးတွင် စိုက်ပျိုးကြသည်။ကျေးရွာ၏ လုပ်ငန်းခွင်မြေသည် တောင်ပေါ်ဒေသဖြစ်သည့် အားလျော်စွာမြူနှင်းများ အလွန်ထူထပ်စွာများသောကြောင့် အာလူး စိုက်တောင်သူများအတွက် အခက်အခဲနှင့်ရင်ဆိုင်ကြရသည်။လှောင်ကျခြင်း၊ အာလူးဥ မရင့်မီ အပင်လှောင်ကျကာ အပင်များပျော်၍ အထွက်နှုန်းလျော့နည်းပြီး ဆုံးရှုံးမှုများ ရှိကြသည်။မိုးဦးထွက်ကုန်ဖြစ်သော အာလူးစိုက် တောင်သူများမှာ

အားလူးဆုံးရှုံးလျှင် နောက်ထပ် မိုးလယ်မိုးနှောင်းစိုက်ပျိုးရန် အရင်းအနှီးများ ခက်ခဲရသည်။ ရွာတွင်းနှင့် နီးစပ်ရာကျေးရွာများတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမြင့်မားနေတတ်သည်။ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော အနစ်လည်းမရှိဘဲ စိုက်ပျိုးရင်းနှီးချိန်၌ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးယူရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲနှင့် ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းတိုးတက်စေရန်အတွက် ကုန်ကြမ်း၊ အသိပညာ နည်းပညာ အထိအတွေ့တို့ အားနည်းသေးပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းလာမည့်ငါးနှစ်တာ ကာလ အတွက် ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကနု်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား ကိုတိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကြောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် စီးပွားရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

### (ခ) အကောင်အထည်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတွက် မြို့နယ်ရှိဘဏ်များရင်းနှီးငွေရရှိနိုင်ရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ များထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

သင်တန်းတက်ထားသူများပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ စာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများ ကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကိုအသုံးပြုစီမံခန့်ခွဲ/ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တန့်မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့် ပါသည်။ကျွန်တော်တို့ကျေးရွာသားကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက်မှာ

ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင်ကို အဓိက စိုက်ပျိုးကြကာ အာလူးနှင့် နှမ်းများကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများ ကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်သည်။နည်းပညာ အသုံးပြုပုံများ အပါအဝင် ပိုးမွှားနိုင်နင်းရေးနည်းပညာအသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

စိုက်ပျိုးရေးချေးငွေများအား ပက်မြန်မာမှ ချေးယူရရှိပါသည်။အချို့အိမ်ထောင်စုများမှာ စိတ်တူကိုယ်တူငွေစု ငွေချေးအဖွဲ့၊ကျေးရွာမှ ငွေတိုးချေးသူများထံမှ အတိုးနှုန်းများစွာပေး၍ ချေးယူကြရပါသည်။ဆင်းရဲတောင်သူ အလယ်အလတ်တောင်သူများအတွက် လိုအပ်သော ချေးငွေထပ်မံရရှိရန် လိုအပ်သည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ**

ကျေးရွာတွင်း အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ် အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်း ဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာ တစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်လုပ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်း စီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

### ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်မည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုထားသည့်ကာလက ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ဆိုသလိုပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

**(ခ) ဘဏ္ဍာနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်းရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍာကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားခြင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍာကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍာအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်

- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားခြင်းစာနာမှုဆိုင်ရာအထောက်အပံ့ တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***လမ်းပန်းဆက်သွယ်ရေး***<br>***လမ်း၊ တံတား***<br>***ကောင်းမွန်***<br>***လာစေရေး*** | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း | ၄၃<br><br>၄၉ | ၄<br><br>၂ | ကျေးရွာအဝင်ကျောက်ချောလမ်းခင်းခြင်း ရွာတွင်း(၂)မိုင်ရွာပြင်(၃)မိုင်<br>ရေကျော်တံတား(၅)စင်းတည်ဆောက်ခြင်း(၃၀ ’ x ၁၀ ’ x ၅ ’ ) | - |
| ***ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး***<br>***သောက်သုံးရေ***<br>***လုံလောက်စွာ***<br>***ရရှိရေး*** | | | | | |
| | ၂။ ကျေးရွာ၏ သောက်သုံးရေကိစ္စ | ၄၅ | ၃ | -ရေထွက်ရေလှောင်ကန်အုတ်စီရန်(၄၀ ’ x ၁၅ ’ ) | ကျေးလက်ဦးစီး |
| ***လျှပ်စစ်မီး ကဏ္ဍ***<br>***လျှပ်စစ်မီးရရှိရေး*** | | | | | |

| | | | | | |
|---|---|---|---|---|---|
| | ၃။မဟာခါတ်အားလိုင်းမှလျှပ်စစ်မီး သွယ်တန်းခြင်း | ၅၀ | ၁ | –ကျေးရွာလျှပ်စစ်မီးသွယ်တန်းခြင်း(၂ မိုင် ) | – |
| **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| စိုက်ပျိုးရေးနည်း ပညာ | ၄။ ကျေးရွာ၏ စိုက်ပျိုးရေကဏ္ဍ တိုးတက်လာစေရေး | ၃၈ | ၇ | – စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း | စိုက်ပျိုးရေး ဦးစီးဌာန |
| **ကျောင်းပညာရေး** | | | | | |
| အဆောက်အဦ | ၅။ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေး | ၄၀ | ၆ | – စာသင်ကျောင်းယာယီဆောင်ပြုပြင်ခြင်းနှင့် စာသင်ခုံ(၁၀)စုံ<br>–ပံ့ပိုးပေးခြင်း<br>– | - |
| **ငွေကြေး** | | | | | |

| | | | | |
|---|---|---|---|---|
| အရင်းအနှီး | ၆။ ကျေးရွာ၏ စိုက်ပျိုးရေး၊မွေးမြူရေး အတွက် အရင်းအနှီး ရရှိရေး | ၄၀ | ၅ | –စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းအတွက် ငွေကြေးအရင်းအနှီးထောက်ပံ့ပေးရန် |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ လျှပ်စစ်မီးသွယ်တန်းခြင်း | ၁ | ——— | ——— | ——— | | |
| ၂။ ရေကျော်တံတား(၅)စင်းတည်ဆောက်ခြင်း (၃၀’ x ၁၀’ x ၅’) | ၂ | ——— | ——— | | | |
| ၃။ ရေထွက် ရေလှောင်ကန် အုတ်စီရန်(၄၀’ x ၁၅’) | ၃ | | ——— | ——— | ——— | ——— |
| ၄။ ကျောက်ချောလမ်းခင်းရန် ရွာတွင်း(၂)မိုင်၊ရွာပြင်(၃)မိုင် | ၄ | ——— | ——— | ——— | ——— | ——— |
| ၅။ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းအတွက် ငွေကြေးအရင်းအနှီးထောက်ပံ့ပေးရန် | ၅ | | ——— | ——— | | |
| ၆။စာသင်ကျောင်းယာယီဆောင်အကာပြုပြင်ခြင်းနှင့် စာသင်ခုံ(၃)ယောက်ထိုင်(၁၀)စုံပံ့ပိုးပေးခြင်း | ၆ | | ——— | ——— | ——— | |
| ၇။စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း | ၇ | ——— | ——— | ——— | ——— | ——— |

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း | | | √ | | |
| ၂ | ရေကျော်တံတား(၅)စင်းတည်ဆောက်ခြင်း (၃၀'x ၁၀'x ၅') | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | ရေထွက် ရေလှောင်ကန် အုတ်စီရန် (၄၀ ' x ၁၅ ' ) | | | √ | | |
| ၄ | ကျောက်ချောလမ်းခင်းရန် ရွာတွင်း(၂)မိုင်၊ရွာပြင်(၃)မိုင် | | | ✔ | | |
| ၅ | စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းအတွက် ငွေကြေးအရင်းအနှီးထောက်ပံ့ပေးရန် | | | ✔ | | |
| ၆ | စာသင်ကျောင်းယာယီဆောင်အကာပြုပြင်ခြင်းနှင့် စာသင်ခုံ(၃)ယောက်ထိုင်(၁၀)စုံပံ့ပိုးပေးခြင်း | | | ✔ | | |
| ၇ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း | | | | ✔ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေး နှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်းရေး နှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်း သည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေး

ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ အားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်း ကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့် အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက် ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍တိုးတက်မှုကို တိုင်းတာသည့်အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှုအစီရင်ခံစာ(monitoring

report)ကိုရှာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖေါ်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍တိုးတက်မှုကိုတိုင်းတာသည့်အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား

ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ ၂**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • သဘာဝအရင်းအမြစ်များ | တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သယံဇာတ မထွက်ရှိပါ။တောင်သူများမှာ ဆည်ရေမရရှိပါ။ မြေအောက်ရေ အသုံးပြုမှုအလွန် နည်းပါးပြီး မိုးရေကိုသာ အဓိကထား စိုက်ပျိုးနေရပါသည်။ |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက် | ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပင်းတယမြို့နှင့် ဆက်သွယ်သွားလာ ရ ခက်ခဲသည်။ ကျေးရွာသည် ပင်းတယ-ရွာင် ကားလမ်း၏ အနောက်ဖက် (၃.၅)မိုင်ခန့် အကွာတွင် တည်ရှိသည်။ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ကျေးရွာတည်ရှိရာသည် ကုန်းစောင်းတွင် တည်ရှိသည်။လယ်ယာမြေများသည် စပါး၊ အားလူးနှင့် နှမ်း စသည်တို့ကို စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကြောင်း တို့အတွက် အဓိကအားထားရာဖြစ်သည်။ |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများ သည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်ဆောင်ရွက်မှု မရှိပါ။ ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေး ဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ လွယ်ကူစွာချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း မရှိသလောက်နည်းပါးသည်။ |
| • ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာတွင် ပက်မြန်မာမှ စိုက်ပျိုးရေးအတွက် ချေးယူကြသည်။ အထူးသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် အတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ |
| • ဆက်သွယ်ရေး | ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်ရေးလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။ |
| • ကျန်းမာရေးအထောက်အအုံနှင့် ဝန်ဆောင်မှုများ | ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ သာမန်ဖျားနာခြင်းအား (၃)မိုင်ခန့်ဝေးသည့် မြင်းမူးကျေးရွာရှိ အရံသားဖွားထံတွင် သွားရောက် ကုသကြပါသည်။ကျေးရွာသူကျေးရွာသားများအတွက် ကျန်းမာရေး ဝန်ဆောင်မှုမှာ ပွေးလှတိုက်နယ်ဆေးရုံနှင့် ပင်းတယမြို့နယ်ဆေးရုံ သို့သွားရောက် ကုသရပါသည်။ |
| • ကျေးရွာလျှပ်စစ်မီး | ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆိုလာစနစ်ကိုသာ အသုံးပြုကြပါသည်။ |

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ**

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု | ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာအဖွဲ့အား သီးသန့်ဖွဲ့စည်းထားခြင်းမရှိပါ။ကျေးရွာအတွင်း တွင် သာရေး၊နာရေး ကိစ္စများရှိပါက ရွာသားအားလုံး ညီညီ ညွတ်ညွတ် ဆောင်ရွက်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လည်း လူငယ်များ တက်ကြွစွာ ပါဝင်ကြပါသည်။ |

| အပယ်နှင့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
| --- | --- |
| • သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ | ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း ကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေး များကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ် ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင် အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းသည် သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲ ဖြစ်ပါသည်။ |
| • ကျန်းမာရေးဝန်ဆောင်မှု | ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို မြင်းမူးကျေးရွာရှိ ကျေးလက် ကျန်းမာရေးဆေးခန်းတွင် သွားရောက် ကုသကြပြီး စိုးရိမ်ရသော ရောဂါအတွက် ◌် ◌့ တိုက်နယ်ဆေးရုံနှင့် မြို့နယ်ဆေးရုံ လည်း လက်လှမ်းမီသည်။ |

## ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်း၊တံတား** | | | | | |
| | မိုးရာသီတွင် သွာလာရခက်ခဲ၊ရွံ့ဗွက်ထူခြင်း၊ရေဝပ်နေသော ကြောင့် ဈေးသို့ ကုန်ပစ္စည်းများ အချိန်မီ မပို့နိုင်ခြင်း ကျောင်းသားများသွ ာလာရခက်ခဲခြင်း | • မြေသားလမ်းဖြစ်ေ ေ<br>• ခြင်း<br>• ရေကျော်မရှိခြင်း<br>• | ကျောက်/သဲ လုပ်အားရှိခြင်း | ကျေးရွာအနေဖြင့် ငွေအင်အားမတတ်နိုင်ခြင်း | •သက်ဆိုင်ရာဌာနနှ င့်ချိတ်ဆက်ဆောင် ရွက်သွားပါမည်။ | ကျောက်ချောလမ်းခင်းခြင ်း<br>ရွာတွင်း(၂)မိုင်၊ရွာပြင်(၃) မိုင်<br>ရေကျော်တံတား(၅)စင်း တည်ဆောက်ခြင်း<br>(၃၀ ' x ၁၀ ' x ၅ ' ) |
| ၂ | **လျှပ်စစ်** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | မီးအားမကောင်းခြင်းကြောင့်ညအချိန်ကလေးများစာမကျက်နိုင် | • ဆိုလာမီးဘက်ထရီမကောင်းခြင်း | • မဟာဓါတ်အားလိုင်းမှ (၃)မိုင်သာကွာဝေးခြင်း | • | သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပေးရန် | လျှပ်စစ်မီးသွယ်တန်းခြင်း(၂)မိုင် |

နောက်ဆက်တွဲ ၃

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **ငွေကြေး** | | | | | |
| | အရင်းအနှီးအတွက် ငွေကြေးမရှိခြင်း | ချေးငွေရနိုင်သည့် အဖွဲ့များ ကျေးရွာတွင်မရှိခြင်း | | | သက်သာသောအတိုးနှုန်းဖြင့် ငွေချေးပေးသည့် | စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းအတွက် အရင်းအနှီး |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | အတိုးကြီးပေး၍ ငွေချေးနေရခြင်း | | | | အဖွဲ့အစည်းနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ထောက်ပံ့ပေးရန် |
| ၄ | **ရေပေးရေးလုပ်ငန်း** | | | | | |
| | နွေရာသီတွင် ရေရှားပါးသည့် ပြဿနာ နှင့်ကြုံတွေ့နေရပါသည်။ | စိမ့်စမ်းရေသွယ်ရှိသော်လည်း ရေထွက်၍ ရေလှောင်ကန် သေးနေခြင်း<br>• | • | • | ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီ တောင်းခံခြင်း | ရေထွက် ရေလှောင်ကန် အုတ်စီ ပြုပြင်ခြင်း (၄၀ ’ x ၁၅ ’ ) |

နောက်ဆက်တွဲ ၃

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **ကျောင်းပညာရေး** | | | | | |
| | • ကိုယ်ထူကိုယ်ထ ယာယီကျောင်းဆောင်တွင် စာသင်နေရခြင်း၊ ကျောင်းသားများ ကြပ်တည်းစွာထိုင် နေရခြင်း | ကျောင်းသားဦးရေများ ပြားကာ စာသင်ခန်းမလုံလောက်ခြင်း စာသင်ခုံမလုံလောက်ခြင်း | သဲ/ကျောက် လုပ်အားရှိခြင်း | | ပညာဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ရန် | စာသင်ကျောင်းအတွက် အကာလိုအပ်ခြင်း စာသင်ခုံ(၃)ယောက်ခုံ(၁၀)စုံပံ့ပိုးပေးခြင်း |
| ၆ | **စိုက်ပျိုးရေးနည်းပညာ** | | | | | |
| | • စပါး၊အာလူး၊တို့တွင် ပိုးကျ၍ ပျက်စီးကာ အထွက်နှုန်းလျော့ကျခြင်း | ဖျက်ပိုးနှင့်ကိုက်ညီမည့် နည်းပညာမသိခြင်း | | | စိုက်ပျိုးရေးနည်းပညာများရရန် စိုက်ပျိုးရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်မည် | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၆၊ စက်တင်ဘာ။

၂။ ၂၀၁၆ခု စက်တင်ဘာလက ကျောက်စက်ကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကိုရွာသူရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊